[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

နိုဝင်ဘာလ ၆ရက်၊ ၂၀၂၅ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ အောက်တိုဘာလ ၁-၃၁ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်– ၂၀၂၁ စက်တင်ဘာလ ၃၀ရက်၊ ၂၀၂၅ | အောက်တိုဘာလ ၁ – ၃၁ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၆၉၇ | ၄ | ၇၀၁ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၈၅ | | ၅၈၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၂၅ | ၆ | ၉၃၁ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇၈ | ၃ | ၁၅၈၁ |
| | ဒီးမော့ဆိုမြို့နယ် | ၆၈၁ | | ၆၈၁ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၇၅၇ | ၅၀ | ၈၀၇ |
| | ဖရူဆိုမြို့နယ် | ၁၆၂ | | ၁၆၂ |
| | ဘောလခဲမြို့နယ် | ၃၄ | | ၃၄ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၈၇ | | ၁၈၇ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း |
|---|

| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ် အောက်တိုဘာလ ၁–၃၁ရက်၊ ၂၀၂၅ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
|---|---|---|---|---|
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

*ကရင်နီပြည်တွင်း အာဏာသိမ်း စစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ်(PNO) တပ်တို့ပူးပေါင်းကာ စစ်မျက်နှာ(၅)ခု ဖွင့်*

ကရင်နီပြည်နယ်အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် (PNO)တပ်တို့ ပူးပေါင်းပြီး လွိုင်ကော်အရှေ့ခြမ်း၊ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ရှမ်း-ကရင်နီနယ်စပ် ဖယ်ခုံမြို့နယ်တို့ကို စစ်မျက်နှာ(၅)ခု ဖွင့်ကာ စစ်ကြောင်းထိုးနေခြင်းကြောင့် နေ့စဉ်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် (PNO)တပ်တို့မှ စစ်ကြောင်းထိုးလာသော ဖယ်ခုံမြို့နယ် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ခြမ်းရှိ ပြည်သူ့နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ လယ်ယာနှင့် စိုက်ခင်းများကို ဖျက်ဆီးခြင်း၊ ပြည်သူပိုင် ပစ္စည်းများ၊ စက်ယန္တရားများ၊ ဆိုင်ကယ်နှင့် ကားများကို ခိုးယူခြင်းတို့ ပြုလုပ်လျက်ရှိသည်။

အောက်တိုဘာလ ၁၃ရက်၊ ညနေ၄နာရီဝန်းကျင်အချိန်တွင် ဖယ်ခုံမြို့နယ်အနောက်ဘက်ခြမ်းရှိ ခေါင်းအိကျေးရွာအုပ်စု၊ ဘောရန်ရွာကို အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ်PNOတို့မှ ရွာတွင်းဝင်ရောက်ကာ ရွာထဲရှိ ဘုရားကျောင်းနှင့် ခန်းမဆောင်အပါအဝင် လူနေအိမ်အလုံး

၃ဂကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ သည့်အပြင် အောက်တိုဘာလ ၉ရက်၊ ၁ဂရက်နှင့် ၁၄ရက်နေ့တို့တွင်လည်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် (PNO)တပ်တို့သည် ရှမ်း-ကရင်နီနယ်စပ်၊ ဖယ်ခုံမြို့နယ်၊ မြောက်စလုံးကျေးရွာသို့ ဝင်ရောက်ပြီး အရပ်သားပြည်သူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။




စစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ်(PNO)တပ်တို့ မီးရှို့ဖျက်ဆီးခံရသော ဘောရန်ရွာ



မီးရှို့ဖျက်ဆီးခံရသော ဘောရန်ရွာ

အောက်တိုဘာလအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်များမှ ပြည်သူများနေထိုင်ရာ နေရာများနှင့် စားဝတ်နေရေးအတွက် လယ်ယာ၊ တောင်ယာနှင့် ခြံများထဲ အလုပ်လုပ်နေသောအချိန်ကို ပစ်မှတ်ထားကာ ဒရုန်းဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများပစ်ခတ်ခြင်း ပြုလုပ်လျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် မိမိခြံထဲတွင် အလုပ်လုပ်နေသော အချိန်၌လည်း သတိရှိကြဖို့ လိုအပ်ပါသည်။

## စကစ စစ်ဆင်ရေးနှင့် ချိုးဖောက်မှုများပြုလုပ်သည့်နေရာ၊ အောက်တိုဘာလ ၁-၃၁ရက်နေ့ထိ၊၂၀၂၅ ခုနှစ်



*အောက်တိုဘာလတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

အောက်တိုဘာလ ၂ရက်၊ မနက် ၇နာရီဝန်းကျင်အချိန် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့ကို စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ဖယ်ခုံမြို့နှင့် ဖယ်ခုံမြို့နယ်၊ ကွမ်လုံကျေးရွာမှ စစ်ရှောင်လာသူ အသက်၃၈နှစ်နှင့် ၄၉နှစ် အမျိုးသားနှစ်ဦး ဗုံးစထိမှန်သေဆုံးခဲ့သည်။

အောက်တိုဘာလ ၃ရက်၊ လွိုင်ကော်မြို့နယ် အရှေ့ဘက်ခြမ်း လွိုင်လင်လေးမြို့တွင်းရှိ ကျေးရွာတစ်ရွာကို လွိုင်လင်လေးအခြေစိုက် အာဏာသိမ်းစစ်ကောင်စီ၏ ခမရ ၅၃၀တပ်မှ လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းကြောင့် အသက်၁၀နှစ်အရွယ်ကလေးနှစ်ဦး ထိမှန်ကာ ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ ၉ရက်နှင့် ၁၀ရက်နေ့တို့တွင် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် PNOတို့မှ ရှမ်း-ကရင်နီနယ်စပ်၊ ဖယ်ခုံမြို့နယ်၊ မြောက်စလုံးကျေးရွာသို့ ဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

အောက်တိုဘာလ ၁၃ရက်၊ မနက် ၁၁နာရီဝန်းကျင်အချိန် ဖရူဆိုမြို့နယ်၊ ဒေါပြေးခူကျေးရွာ အနီးတွင် မြေပဲသိမ်းယူနေသော စစ်ဘေးရှောင်များကို အာဏာသိမ်းစစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံးနှစ်ကြိမ် ကြဲချတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၄၅အရွယ်ရှိ စစ်ရှောင်အမျိုးသမီးတစ်ဦး လက်မောင်ထိမှန် ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ ၁၃ရက်၊ ညနေ၄နာရီဝန်းကျင်အချိန် ဖယ်ခုံမြို့နယ်အနောက်ဘက်ခြမ်းရှိ ခေါင်းအိကျေးရွာအုပ်စု၊ ဘောရန်ရွာကို အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ်PNOတို့မှ ရွာတွင်းဝင်ရောက်ကာ ရွာထဲရှိ ဘုရားကျောင်းနှင့် ခန်းမဆောင်အပါအဝင် လူနေအိမ်အလုံး ၃၀ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။

အောက်တိုဘာလ ၁၄ရက်၊ ညနေပိုင်းအချိန် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် PNOတို့မှ ရှမ်း-ကရင်နီပြည်နယ်စပ်၊ ဖယ်ခုံမြို့နယ်၊ မြောက်စလုံးကျေးရွာသို့ဝင်ရောက်ပြီး နေအိမ်များ ကို ထပ်မှန်မီးရှို့ဖျက်ဆီးခဲ့သည်။

အောက်တိုဘာလ ၁၆ရက် ရှမ်း-ကရင်နီနယ်စပ်ရှိ ထီးစဲခါးရေတံခွန်အနီး ကုန်းပေါ်ဘုန်းကြီးကျောင်းကို အာဏာသိမ်းစစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းကြောင့် ဘုန်းကြီးကျောင်းဆောင်နှင့် နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

အောက်တိုဘာလ ၂၁ရက်၊မနက်၁၀နာရီဝန်းကျင် ဖရူဆို-ဒီးမော့ဆိုမှာ စစ်ကြောင်းထိုးနေသော အာဏာသိမ်းစစ်ကောင်စီတပ်မှ ဖရူဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ဒေါကူးခူကျေးရွာအနီးတွင် စပါးသိမ်းနေသော ပြည်သူများကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၂၄နှစ်အရွယ် အမျိုးသားတစ်ဦး ဗုံးထိမှန်ကာ သေဆုံးခဲ့ပြီး ကျန်အမျိုးသားနှစ်ဦး ပြင်းထန် ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ ၂၂ရက်တွင် ဖာဆောင်းမြို့နယ်၊ မော်ချီးဒေသကို စစ်ကောင်စီမှ ကင်းထောက်ဘောလုံးကို ပထမဆုံးအကြိမ်အသုံးပြုခဲ့သည်။

အောက်တိုဘာလ ၂၅ရက်၊ မွန်းလွဲ ၂နာရီအချိန် ဒီးမော့ဆိုအနောက်ဘက်ခြမ်း ဆိုဘောသဲနှင့် အို့ခူရီရွာကြားရှိ ရေဝိုင်းတောင်တွင် စပါးသိမ်းနေသော ပြည်သူများကို အာဏာသိမ်းစစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၄၀ကျော်အရွယ် အမျိုးသားတစ်ဦး ဗုံးစထိမှန်သေဆုံးခဲ့ပြီး ကျန်အမျိုးသားတစ်ဦး လက်မောင်းထိခိုက်ဒဏ်ရာရကာ စပါးသယ်ယာဉ်တစ်စီး ပျက်စီးဆုံးရှုံးခဲ့ရသည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com